# ဖေက် ၄း၁၂၏ - အမှုတော်လုပ်ငန်း ဆုကျေးဇူး(၅)မျိုး

**"လူအချို့တို့ကို တမန်အရာ၌၎င်း၊ အချို့တို့ကို ပရောဖက်အရာ၌၎င်း၊ အချို့တို့ကို သင်းအုပ်အရာ/ဆရာအရာ၌၎င်း ခန့်ထားတော်မူ၏"(ဖေက်၄း၁၂)။**

ဖေက်၄း၇-၁၀ ၏ အကြောင်းအရာကို ကြည့်လျှင် ယေရှုခရစ်တော်သည် **"မြင့်သောအရပ်သို့ တက်ကြွတော်မူသဖြင့်... လူတို့အား ဆုလဒ်များကို ပေးတော်မူသည်" အကြောင်း ကျွန်တော်တို့ တွေ့နိုင်သည်(ဖေက် ၄း၈)။**

ဆုကျေးဇူးကို ပေးသောသူသည် ခရစ်တော်ဖြစ်သည်-

- ❖ **တမန်တော်**
- ❖ **ပရောဖက်**
- ❖ **ဧဝံဂေလိဆရာ**
- ❖ **သင်းအုပ်**
- ❖ **ဆရာ**

အမှုတော်လုပ်ငန်း ဆုကျေးဇူးများ ပေးရခြင်းမှာ **"ခရစ်တော်၏ ကိုယ်ခန္ဓာ (အသင်းတော်)ကို တည်ဆောက်၍၊ ဓမ္မဆရာ၏အမှုကို ပြုတတ်မည်အကြောင်း၊ သန့်ရှင်းသူတို့ကို ပြင်ဆင်ခြင်းအလို့ငှါ" (ဖေက် ၄း၁၁-၁၂)။**

အမှုတော်လုပ်ငန်းဆုကျေးဇူးများသည် ကိုယ်ခန္ဓာတည်ဆောက်ရန် ဖြစ်သည်။ **"ငါတို့ရှိသမျှသည် ယုံကြည်ခြင်းသို့၎င်း၊ ဘုရားသခင်၏ သားတော်ကို သိကျွမ်းခြင်းသို့၎င်း၊ တညီတညွတ်တည်းရောက်၍ ခမည်းတော်၏ ပြည့်စုံခြင်းပမာဏအရပ် တည်းဟူသော ကြီးရင့်သော လူအဖြစ်သို့ ရောက်ကြသည်တိုင်အောင် ဖြစ်သတည်း"(ဖေက် ၄း၁၃)။**

ဆုကျေးဇူး တစ်ခုစီတိုင်းသည် တိကျသော အလုပ်လုပ်ခြင်းဖြင့် အသင်းတော်အား ရင့်ကျက်ခြင်းသို့ ခေါ်ဆောင်သွားရန်ဖြစ်သည်။ ကိုယ်ခန္ဓာ၌ တာဝန်အသီးသီး ရှိသကဲ့သို့ **"တကိုယ်လုံးသည် စေ့စပ်ထုံးဖွဲ့လျက်၊ အသီးသီးအင်္ဂါများ ကိုယ်ငန်းကိုင်တာအတိုင်း ပြုသည်နှင့်"(ဖေက် ၄း၁၆)။**

## ၁။ <u>တမန်တော်</u>

- ■ **ယေရှုသည် တမန်တော်များကို ခေါ်၍ သင်းတန်းပေးခဲ့သည်**

လုကာ၁၆း၁၃ ယေရှုသည် **"တပည့်တော်တို့ကို ခေါ်တော်မူ၍ ဆယ်နှစ်ပါးတို့ကို ရွေးကောက်ပြီး တမန်တော်အမည်ဖြင့် သမုတ်တော်မူ၏"။ (မာသဲ ၁၀း၁-၄၊ မာကု ၃း၁၃-၁၉ ကိုလည်း ကြည့်ပါ)။**

- ■ **ဘုရားသခင်သည် တမန်တော်များကို အသင်းတော်၌ ခန့်ထားသည်။**

**၁ကော၁၂း၂၈ "ဘုရားသခင်သည် ပဌမအရာ၌ တမန်တော်တို့ကို၎င်း၊ အသင်းတော်၌ ခန့်ထားတော်မူ၏"။** တမန်တော်သည် နှုတ်ကပတ်တော်ကို ဖွင့်ပြရန်ဖြစ်သည်။

- ■ **တမန်တော်များနှင့် (ပရောဖက်)တို့သည် အမှုတော်လုပ်ငန်းတွင် အခြေခံအုတ်မြစ်ဖြစ်ကြသည်။**

**ဖေက်၂း၂၀ "တမန်တော်တို့မှစ၍ ပရောဖက်များ တည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျက် ရှိကြ၏"။** တမန်တော်တို့သည် အမှုတော်လုပ်ငန်း၌ အခြေခံအုတ်မြစ်ဖြစ်၍ ယေရှုသည် မည်သူဖြစ်ကြောင်း ဖွင့်ပြသောသူများ ဖြစ်ကြသည်။

- ■ **တမန်တော်တို့သည် ခရစ်တော်၏ လျှို့ဝှက်ဆန်းကြယ်သော အရာများကို သိစေကြသည်။**

ရှင်ပေါလုက ဖေက်၃း၃တွင် **"ကျေးဇူးတော်သာသနာကို အပ်ပေးသည်အကြောင်း ဟူမူကား၊ ငါသည် အထက်က အနည်းငယ် ရေးသားခဲ့သည့်အတိုင်း၊ ဘုရားသခင်သည် ဗျာဒိတ်တော်အားဖြင့် နက်နဲသောအရာကို ငါ့အား ပြတော်မူ၏"။**

ဤလျှို့ဝှက်ဆန်းကြယ်သော အရာသည် **"ထိုနက်နဲသောအရာကို သန့်ရှင်းသော တမန်တို့နှင့် ပရောဖက်တို့အား၊ ယခုကာလ၌ ဝိညာဉ်တော်အားဖြင့် ဖွင့်လှစ်တော်မူသည်" ဖေက် ၃း၅**

- ■ **တမန်တော်တို့၏ အမှုတော်လုပ်ငန်းသည် အသင်းတော်ကို စနစ်တကျ တည်ရှိစေရန်ဖြစ်သည်။**

ရှင်ပေါလုက တိတုကို ညွှန်ကြားခဲ့သည်မှာ၊ **"ကရေတေကျွန်း၌ မစုံလင်သမျှတို့ကို ပြင်ဆင်၍၊ မြို့ရွာများ၌ သင်းအုပ်တို့ကို ခန့်ထားစေခြင်းငှါ၊ ထိုကျွန်း၌ သင့်ကို ငါထားခဲ့သတည်း" (တိတု ၁း၅)။** တမန်၁၄း၂၃ တွင်လည်း တမန်တော်ရှင်ပေါလုက ဗာနဗထံသို့ **"အသင်းတော်များတို့၌ သင်းအုပ်တို့ကို ခန့်ထား၍"**ဟု ညွှန်ကြားခဲ့သည်။ ၎င်းသည် မှန်ကန်သော အခြေခံအုတ်မြစ်၌ အသင်းတော် တည်ဆောက်ခြင်းသည် တမန်တော်၏ အလုပ်ဖြစ်သည်။

## ၂။ ပရောဖက်

- ■ **ပရောဖက်တို့သည် အခြေခံအုတ်ဖြစ်ချရာတွင် အကူအညီပေးသည်။**

**"တမန်တော်တို့မှစ၍ ပရောဖက်များ တည်းဟူသော တိုက်မြစ်အပေါ်၌ သင်တို့သည် ထပ်ဆင့်၍ တည်ဆောက်လျှက်ရှိကြ၏။ ထိုတိုက်ထောင့် အမြစ်ကျောက်ကား၊ ယေရှုခရစ်ဖြစ်သတည်း" (ဖေက် ၂း၂၀)။** ပရောဖက်နှင့် တမန်တော်တို့သည် ယေရှုခရစ်ကို ဖွင့်ပြပေးခြင်းအားဖြင့် အသင်းတော်၏ အခြေခံအုတ်မြစ်ကို ချထားရမည်။

- ■ **နက်နဲသော ဖွင့်ပြခြင်းကို ပရောဖက်များက ယူဆောင်လာသည်။**

နက်နဲသော ဖွင့်ပြခြင်းကို **"ထိုနက်နဲသောအရာကို သန့်ရှင်းသော တမန်တော်တို့နှင့် ပရောဖက်တို့အား၊ ယခုကာလ၌ ဝိညာဉ်တော်အားဖြင့် ဖွင့်လှစ်တော်မူသည်"(ဖေက် ၃း၅)။** ပရောဖက်များသည် နက်နဲသောအရာများ သိနိုင်ရန် ဘိသိတ်ခြင်း ခံရကြ၍၊ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် နက်နဲသောအရာများ ဖွင့်ပြကြသည်။

- ■ **ဘုရားသခင်က အသင်းတော်၌ ခန့်အပ်ထားသည်။**

**"ဘုရားသခင်သည် ပထမအရာ၌ တမန်တော်တို့ကို၎င်း၊ ဒုတိယအရာ၌ ပရောဖက်တို့ကို၎င်း၊ အသင်းတော်၌ ခန့်ထားတော်မူ၏" (၁ကော၁၂း၂၈)။** နှုတ်ကပတ်တော်ကို နားလည်နိုင်ရန် ပရောဖက်တို့က ယူဆောင်လာသည်။

- ■ **ပရောဖက်များသည် တိုက်တွန်းနှိုးဆော်ခြင်းနှင့် ခွန်အားပေးခြင်း လုပ်ဆောင်သည်။**

**တမန်၁၅း၃၂ "ယုဒနှင့်သိလတို့သည် ပရောဖက်ဖြစ်သောကြောင့် များစွာသောစကားနှင့် ညီအစ်ကိုတို့ကို ဆုံးမ၍ မြဲမြံခိုင်ခံ့စေကြ၏"။**

- ■ **အာဂဗုသည် ပရောဖက်ဆောင်ရွက်ရာတွင် စံနမူနာတစ်ဦးဖြစ်သည်။**

**"အာဂဗု အမည်ရှိသော သူတစ်ယောက်သည် ထ၍၊ မြေတစ်ပြင်လုံး၌ အစာအဟာရ အလွှင်ခေါင်းပါးခြင်း ဖြစ်လတံ့ဟု ဝိညာဉ်တော်အားဖြင့် ဘော်ပြ၏။ ထိုခေါင်းပါးခြင်းသည် ကဲသာဘုရင် ကောလောဒိ လက်ထက်၌ ဖြစ်သတည်း" (တမန်၁၁း၂၈)။** အာဂဗုသည် အနာဂတ်ကို ကြိုတင်ဟောပြောသော ပရောဖက်ဖြစ်သည်။

- **ပရောဖက်များသည် စေလွှတ်ခြင်း ခံရသည်။**

**တမန်၁၁း၂၇ "ထိုအခါ၌ ပရောဖက်တို့သည် ယေရုရှလင်မြို့မှ အန္တိအုတ်မြို့ သို့ လာကြ၏"**။ ပရောဖက်များသည် တည်ထောင်ထားသော ဌါနချုပ်မှ စေလွှတ်ခြင်းခံရန် လိုအပ်သည်။

## ၃။ ဧဝံဂေလိဆရာ

**တမန်၆း၃-၈တွင်** ဖိလိပ္ပုသည် သင်းထောက်(၇)ဦးထဲမှ တစ်ဦးဖြစ်ပြီး၊ **တမန်၂၁း၈**တွင် သာသနာပြုဆရာဟု ခေါ်ထွင်ထားသည်။ ဖိလိပ္ပု၏ အမှုတော်လုပ်ငန်းကို ကြည့်ခြင်းအားဖြင့် ဧဝံဂေလိဆရာ၏ အမှုတော်လုပ်ငန်း ပုံသက်သေကောင်း တွေ့ရှိနိုင်သည်။

- **ဧဝံဂေလိဆရာတွင် ဟောပြောခြင်း အမှုတော်လုပ်ငန်း တာဝန်ရှိ သည်။**

**တမန်၈း၅ "ဖိလိပ္ပုသည် ရှမာရိမြို့သို့ သွား၍ ခရစ်တော်၏ အကြောင်းကို ဟောလေ၏"။ တမန်၈း၁၂** ဖိလိပ္ပုသည် **"ဘုရားသခင်၏ နိုင်ငံတော်နှင့်ဆိုင်၊ စပ်ဆိုင်သော ဧဝံဂေလိတရားကို ဟောပြော၍"။**

- **ဧဝံဂေလိသတင်းကောင်း ဟောပြောဝေငှခြင်း၏ အကျိုးကျေးဇူးမှာ လူတို့သည် ယုံကြည်ကြပြီး၊ ရေဗတ္တိဇံခံယူကြသည်။**

**တမန်၈း၁၂** လူတို့သည် **"ဖိလိပ္ပုကို ယုံကြည်ကြ၍... ယောကျ်ားမိန်းမတို့သည် ဗတ္တိဇံကို ခံကြ၏"။**

- **ဧဝံဂေလိအမှုတော်လုပ်ငန်းသည် အံ့သြဖွယ်၊ နမိတ်လက္ခဏာတို့က လိုက်ပါသည်။**

တမန်၈း၆-၇ ဖိလိပ္ပု၏ သက်သေခံဝေငှချက်ကို ကြားနာသော ပရိသတ်အပေါင်းတို့သည် **"ဖိလိပ္ပုပြသော နမိတ်လက္ခဏာတို့ကို မြင်တွေ့သောအခါ လွှတ်မြောက်ခြင်းနှင့် ကျန်းမာခြင်းရရှိကြသည်"။**

- **ဧဝံဂေလိဆရာတို့သည် ဘုရားသခင်၏ အသံတော်ကို နာခံရသည်။**

**တမန်၈း၂၆ "ကောင်းကင်တမန်သည် ဖိလိပ္ပုအား စကားပြောခဲ့သည်"**၊ မည်သည့် နေရာသို့ သွားရမည်ကို လမ်းညွှန်ပြသပေးခဲ့သည်။ **အငယ်၂၉**တွင် **"ဝိညာဉ်တော်ကလည်း ဖိလိပ္ပုထံသို့ ပြောခဲ့သည်မှာ..."** ဖိလိပ္ပုသည် ဝိညာဉ်တော်၏ လမ်းပြပို့ဆောင်သည်အတိုင်း လိုက်လျှောက်ခဲ့သည်။

- **ဧဝံဂေလိဆရာသည် သမ္မာကျမ်းစာမှ ယေရှုအကြောင်းကို ဟောပြောသက်သေခံ နိုင်ရမည်။**

**တမန်၈း၃၂-၃၅** ဖိလိပ္ပုသည် ဓမ္မဟောင်းကျမ်းမှ ယေရှုအကြောင်းကို ဟောပြောနိုင်ခဲ့သည်။ ထိုကဲ့သို့ အမတ်ကြီးသည်လည်း ရေဗတ္တိဇံခံယူရန် လိုချင်ခဲ့သည်။

## ၄။ သင်းအုပ်ဆရာ

တမန်၂၀း၂၈တွင် ရှင်ပေါလုသည် ဖေက်အသင်းတော်မှ သင်းအုပ်ဆရာများနှင့် ပြောဆိုခဲ့သည်မှာ၊ **"သင်တို့သည် ကိုယ်ကို သတိနှင့် ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိသွေးနှင့် ဝယ်တော်မူသော ဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ် ခန့်ထားတော်မူသော သိုးစုတစုလုံးကိုလည်း သတိ နှင့် ကြည့်ရှုကြလော့"။**

၁ပေ၅း၂တွင်လည်း ရှင်ပေတရုက သင်းအုပ်များကို ပြောခဲ့သည်မှာ၊ **"ဘုရားသခင်၏ သိုးတော်စုကို ထိန်းခြင်းအမှုပြု၍၊ အလိုလိုစေတနာစိတ်ရှိ၍ ကြည့်ရှုအုပ်ထိန်းကြလော့"။**

- **သင်းအုပ်ဆရာ၏ အမှုတော်လုပ်ငန်းမှာ "သိုးစုတို့ကို ထိန်ကျောင်းရန်" ဖြစ်သည်။**

**ယော၂၁း၁၅-၁၇တွင်** သင်းအုပ်လုပ်ငန်းနှင့် ပတ်သက်၍ ယေရှုက ရှင်ပေတရုအား စေခိုင်းချက်ပေးခဲ့သည်။ **"ငါ၏သိုးသငယ်ကို ကျွေးမွေးလော့" "ငါ၏ သိုးတို့ကို ထိန်းလော့" "ငါ၏ သိုးတို့ကို ကျွေးမွေးလော့"**ဟုပြောခဲ့သည်။

သိုးသငယ်တို့သည် ကလေးသူငယ်ကဲ့သို့ **"နှုတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း" (၁ပေ၂း၂)**။

သိုးတို့သည် **"မာကြောသော အစာ"** လိုအပ်ကြသည်။ ထိုသူတို့မှာ **"စုံလင်သော အရွယ်ရှိသောသူ"** ဖြစ်ကြ သည်**(ဟေဗြဲ ၅း၁၄)**။

- **သင်းအုပ်ဆရာ၏ အမှုတော်လုပ်ငန်းမှာ ယုံကြည်သူအသစ်များကို နှုတ်ကပတ်တည်းဟူသော နို့ရည်အားဖြင့် ပြုစုခြင်းနှင့် ယုံကြည်သူများကို တပည့်တော် ဖြစ်စေခြင်းဖြစ်သည်။ ထိုမှသာ သူတို့သည် ကြီးထွားနိုင်မည် ဖြစ်သည်။**

ဆာလံ၂၃း၁-၃က ကောင်းသောသိုးထိန်း၏ အမှုတော်လုပ်ငန်း ရုပ်ပုံကားချပ်ကို ပေးထားသည်။ သိုးတို့ကို ဂရုစိုက်ရန်၊ စောင့်ရှောက်ရန်၊ ဦးဆောင်ရန်နှင့် လမ်းညွှန်ပေးရန်၊ ကျန်းမာခြင်း ယူဆောင်ပေးရန်နှင့် သိုးတို့ကို ထူထောင်ပေးရန်ဖြစ်သည်။

- ဤအရာသည် သင်းအုပ်ဆရာ၏ အမှုတော်လုပ်ငန်းဖြစ်သည်။

## ၅။ ဆရာ

- **ဆရာသည် ဘုရားသခင်၏ ခန္ဓာကိုယ်တည်ဆောက်ရန် ပေးထားသော အမှုတော်လုပ်ငန်း ဆုကျေးဇူးဖြစ်သည်။**

"ဘုရားသခင်သည် တတိယအရာ၌ ဆရာတို့ကိုငင်း အသင်းတော်၌ ခန့်ထားတော်မူ၏"။ ဆရာတို့သည် တမန်တော်များနှင့် ပရောဖက်တို့ထံမှ လာသော နှုတ်ကပတ်တော်ကို အသိပညာရှိစေရန် ယူဆောင်လာသောသူ ဖြစ်ကြသည်။

- **ဆရာတို့သည် ယုံကြည်ခြင်း (ကျွန်တော်တို့ ယုံကြည်သော)ကို သွန်သင်ပေးရန်နှင့် သမ္မာတရား(နှုတ်ကပတ်တော်)သွန်သင်ပေးရန် ဖြစ်သည်။**

**၁တိ၂း၇**တွင် ရှင်ပေါလုက သူသည် **"ယုံကြည်ခြင်းတရားနှင့် သမ္မာတရားကို တပါးအမျိုးသားတို့အား ဟောပြောသော ဆရာအရာ၌"** ခန့်အပ်ထားခြင်း ခံရကြောင်း သူ့ကိုသူ ပြောခဲ့သည်။

တမန်၁၁း၂၆တွင် ဗာနဗနှင့် ရှောလု/ပေါလုတို့သည် တစ်နှစ်ပတ်လုံး **"အသင်းတော်နှင့်အတူ စည်းဝေး၍၊ လူများအပေါင်းတို့အား ဆုံးမသြဝါဒ ပေးကြသည်"** အကြောင်း တွေ့ရသည်။ အသင်းတော်တွင် တပည့်တော်ဖြစ်စေခြင်းကို ကောင်းမွန်စွာ အခြေခံအုတ်မြစ် ချထားခဲ့သည်။

- **ဆရာ၏ အမှုတော်လုပ်ငန်းမှာ နှုတ်ကပတ်တော်သည် ပညာတစ်ခုပေါ်မှာ တစ်ခု၊ တစ်နည်းပေါ်မှာ တစ်နည်း သွန်သင်ပေးရန်ဖြစ်သည် (ဟေရှာ၂၈း၁၀၊၁၃)။**

နေဟမိ၈း၈တွင် အမှုတော်လုပ်ငန်းအကြောင်း ကျွန်တော်တို့ ဖတ်ရှုနိုင်၍၊ ထို နှုတ်ကပတ်တော် ဖတ်ရွတ်သောအခါ **"ပညတ္တိကျမ်းစာကို သေချာစွာ ဘတ်ရွတ်၍"** လေဝိတို့သည် **"အနက်ကို ပြန်သဖြင့်"** (လူများ) **"နားလည်စေခြင်းငှါ ပြုကြ၏"။**

**အမှုတော်လုပ်ငန်း ဆောင်ရွက်ရန် ဆုကျေးဇူးငါးမျိုးကို လက်ဆုပ်ကိုင် ရရှိ၍ လွှတ်ထုတ်လိုက်သောအခါ၊ ခန္ဓာကိုယ်တည်းဟူသော အသင်းတော်သည် ကြီးထွား၍ ရင့်ကျက်လာမည်။**